# LESSON 4

# VISAKHA

## The greatest female supporter of the Buddha

**Visakha** was the devout and generous daughter of a millionaire.

When she was only seven years old, the Buddha visited her birth place. Her grandfather, hearing of the Buddha's visit, advised her to go out and welcome the Buddha. Though she was so young, she was religious and virtuous. As such, immediately after hearing the Dhamma from the Buddha, she attained the first stage of Sainthood.

When she was fifteen years old, some brahmins who saw her, thought she would be an ideal wife for their master **Punnavaddhana**, the son of a millionaire named **Migara**. Visakha possessed the five kinds of feminine beauty – beautiful hair, a beautiful figure, beautiful bone structure, beautiful skin which was smooth and golden in colour, and youthfulness. Accordingly, they made arrangements for Visakha to be married to Punnavaddhana.

On her wedding day, her wise father gave her some advice under ten headings as follows:

1. A wife should not criticise her husband and parents-in- law in front of other people. Neither should their weaknesses nor household quarrels be reported elsewhere.

2. A wife should not listen to the stories or reports of other households.

3. Things should be lent to those who do return them.

4. Things should not be lent to those who do not return them.

5. Poor relatives and friends should be helped even if they do not repay.

6. A wife should sit gracefully. On seeing her parents-in- law or her husband, she should respect them by rising from her seat.

7. Before taking her food, a wife should first see that her parents-in-law and husband are served. She should also make sure that her servants are well cared for.

8. Before going to sleep, a wife should see that all doors are closed, furniture is safe, servants have performed their duties, and that parents-in-law have retired. As a tule a wife should rise early in the morning and unless she is sick, she should not sleep during the day.

9. Parents-in-law and husband should be treated very carefully like fire.

10. Parents-in-law and husband should be given the respect due to Devas.

From the day Visakha arrived in Savathi, the city of her husband, she was kind and generous to everyone in the city and everyone loved her.

One day, her father-in-law was eating some sweet rice porridge from a golden bowl when a Bhikkhu entered the house for alms. Although her father-in-law saw the Bhikkhu, he continued to eat as if he had not seen the Bhikkhu.

Visakha politely told the Bhikkhu, "Pass on, Venerable Sir, my father-in-law is eating stale food."

For a long time Visakha's father-in-law had been unhappy at her because she was a devout follower and supporter of the Buddha while he was not. He was looking for a chance to break off the marriage between his son and Visakha, but her conduct was faultless. Now he had got his chance. Misunderstanding Visakha's words, he thought she had brought disgrace to his family.

# သင်ခန်းစာ (၄)

# ဝိသာခါ

# မြတ်စွာဘုရား၏ အရေးပါသော ဒကာမကြီး

ဝိသာခါသည် အလွန်ယဉ်ကျေးလိမ္မာပြီး သဒ္ဓါတရားကောင်းသော သန်းကြွယ်သူဌေးကြီး၏ သမီးတစ်ဦးဖြစ်လေသည်။

မြတ်စွာဘုရားသည် သူ (၇) နှစ်သမီးအရွယ် ငယ်စဉ်တုန်းက မွေးရပ်မြေသို့ ကြွရောက်ခဲ့လေသည်။ သူမ၏ အဖိုးသည် မြတ်စွာဘုရားကြွရောက်နေပြီဟူသော သီတင်းကို ကြားလျှင် မြေးမလေးအား အပြင်ထွက်၍ မြတ်စွာဘုရားကို ရှိခိုးကန်တော့ ကြိုဆိုရန် အကြံပေးခဲ့သည်။ ငယ်ရွယ်သော်လည်း အရွယ်နဲ့မလိုက်အောင် ဘာသာရေးကိုင်းရှိုင်းပြီး ယဉ်ကျေးလိမ္မာသော မြေးမလေးဖြစ်လေသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားနှင့်ဖူးတွေ့ရသောအခါ မြတ်စွာဘုရား ဟောကြားသော တရားတော်ကို နာကြားရုံနှင့်ပင် သောတာပန်တည်ခဲ့လေသည်။

သူမအရွယ်ရောက်၍ ၁၅-နှစ်ပြည့်သော် သူမကို ဗြဟ္မဏပုဏ္ဏားများတွေ့ရှိသွားပြီး သန်းကြွယ် သူဌေးကြီး မိဂါရ၏သား သူတို့ရဲ့ဆရာဖြစ်သော ပုဏ္ဏဝပုန၏ဇနီးလောင်းဖြစ်သင့်သည်ဟု တွေးမိလေသည်။ ဝိသာခါသည် အလွန်မြင့်မြတ်သော မိန်းမကောင်းတို့ ပိုင်ဆိုင်အပ်သော လှပခြင်းငါးမျိုးနှင့် အလွန်ပြည့်စုံလေသည်။ လှပသန့်စွမ်းသော ဆံပင်၊ ချောမောပြေပြစ်သော ခန္ဓာကိုယ်၊ အချိုးအဆစ်တင့်တယ် အချိုးကျသော ခန္ဓာ၊ ရွှေရောင်ဝင်းပြီး စိုပြေလှပသော အရေအသွေး၊ နုနယ်ပျိုရွယ်သော အသွင်နှင့်လှပခြင်းငါးမျိုးတို့နှင့်ပြည့်စုံလေတော့သည်။ နှစ်ဖက်သော မိဘများ စီစဉ်သဘောတူမှုနှင့်ဝိသာခါနှင့် ပုဏ္ဏဝပုနတို့ ထိမ်းမြားလက်ထပ်ခဲ့ကြလေသည်။

သူမထိမ်းမြားသောနေ့တွင် အလွန်ဉာဏ်ရှိပြီး အမြော်အမြင်ကြီးသော သူမ၏ ဖခင်သည် သူမအား ဤသို့ ဆုံးမခဲ့လေသည်။

၁။ မယားသည် သူမ၏ ခင်ပွန်းနှင့်ယောက္ခမများကို အများရှေ့တွင် မကောင်းကြောင်း မပြောရ၊ သူတို့တွေရဲ့ အားနည်းချက်များနှင့်အခြားဟာကွက်များကိုလည်း အများသူငါအားလျှောက်မပြောရ။

၂။ မယားသည် အများ၏ အိမ်တွင်းရေးရာများနှင့်သီတင်းများကို နားမထောင်ရ။

၃။ ကိုယ့်ပစ္စည်းကို ပြန်မပေးတတ်သော သူများကို ပစ္စည်းများမငှားရ။

၄။ ကိုယ့်ပစ္စည်းကို ပြန်ပေးသောသူများကိုသာ ပစ္စည်းငှားပေးသင့်၏။

၅။ ဆင်းရဲနွမ်းပါးသော ဆွေမျိုးသားချင်းများနှင့်မိတ်ဆွေများကို ပြန်မပေးဆပ်နိုင်သော်လည်း စွန့်ကြဲပေးကမ်းသင့်၏။

၆။ မယားသည် ယဉ်ကျေးသိမ့်မွေ့စွာနေထိုင်တတ်ရ၏။ ခင်ပွန်းနှင့်ယောက္ခမများကို နေရာမှထ၍ အရိုအသေပြုနေရာထိုင်ခင်း ပြုပြင်ပေးရာ၏။

၇။ ကိုယ့်၏ခင်ပွန်းနှင့်ယောက္ခမများအား စားသုံးဖွယ်ရာများ ပြင်ဆင်ကျွေးမွေးပြီးမှ စားသုံးသင့်၏။ အိမ်ကအလုပ်အကျွေးများကိုလည်း စနစ်တကျစောင့်ရှောက်ရာ၏။

၈။ အိပ်ရာမဝင်ခင် မိန်းမကောင်းသည် မိမိအိမ်လုံခြုံအောင် တံခါးများကို ဂရုတစိုက်ပိတ်ရန်၊ ပရိဘောဂများကို စစ်ဆေးရန် အိမ်စေများ အိမ်ရှိအလုပ်အကိုင်များပြီးစီးအောင် ဆောင်ရွက်စေရန် ယောက္ခမ မိဘများအနားယူစေရန်တို့ ပြုမူသင့်သည်။ အမျိုးသမီးကောင်းသည် နံနက်မိုးလင်းချိန်တွင် အရင်ဦးစွာထသင့်၍ နေ့လည်ခင်းတွင်လည်း မအိပ်သင့်ပေ။ နာမကျန်းလျှင်တော့ ထိုသို့ဆောင်ရွက်စရာ မသင့်ပေ။

၉။ ကိုယ့်ရဲ့ခင်ပွန်းနှင့်ယောက္ခမများကို မီးကို ကိုင်တွယ်သကဲ့သို့ ဂရုတစိုက် ကိုင်တွယ်ရမည်။

၁၀။ နတ် သိကြားများကို အရိုအသေပေးသကဲ့သို့ ကိုယ်ရဲ့ခင်ပွန်းနှင့်ယောက္ခမများကို အရိုအသေပေးသင့်သည်။

ဝိသာခါသည် သူမ၏ခင်ပွန်းနေထိုင်ရာ သာဝတ္ထိပြည်ကိုရောက်သည့်နေ့မှစ၍ ရက်ရက်ရောရော ကြင်နာစွာဖြင့် အားလုံးကို ချစ်ခင်စွာပေါင်းသင်းသဖြင့် အားလုံးကလည်း ဝိသာခါကို ချစ်ခင်ကြလေသည်။

တစ်နေ့တွင် ဝိသာခါ၏ ယောက္ခထီး (အမျိုးသား၏ဖခင်) သည် ရွှေခွက်နှင့်ချိုမြိန်သော နို့ထမင်းကို သုံးဆောင်နေစဉ် ရဟန်းတစ်ပါးအိမ်သို့ ကြွရောက်လာခဲ့သည်။ ဖခင်သည် ရဟန်းကို တွေ့သော်လည်း မတွေ့ဟန်ဆောင်ကာ ထမင်းကို စားမြဲစားနေလေသည်။

ဝိသာခါသည် ရဟန်းတော်ကို တရိုတသေဖြင့် “အရှင်ဘုရား ဒီဘက်ကို ကြွတော်မူပါ။ တပည့်တော်မ၏ ဖခင်သည် ထမင်းသိုးကို စားသုံးနေတာပါ” ဟု လျှောက်လေသည်။

ဝိသာခါအမျိုးသားရဲ့ ဖခင်သည် ဝိသာခါကို မကြည်ဖြူတာ ကြာမြင့်ပြီဖြစ်လင့်ကစား သူမ မြတ်စွာဘုရားကို ပူဇော်ဆည်းကပ် ထောက်ပံ့တော်မူသည်တို့ကို လွန်စွာ မကျေနပ်ခဲ့ပေ။ သူက မြတ်စွာဘုရားကို ယုံကြည်ဆည်းကပ်သူ မဟုတ်ပေ။ သူ၏သားနှင့်ဝိသာခါတို့ အိမ်ထောင်ရေးကို ဘယ်လိုခွဲရမလဲ အမြဲစဉ်းစား ကြံစည်နေခဲ့သော်လည်း ဝိသာခါအပေါ်လုံးဝအပြစ်ရှာလို့မရနိုင်ခဲ့ပေ။ အခုတော့ ဝိသာခါရဲ့ အလိမ္မာစကားကို နားမလည်ဘဲ။ သူ့ကို ရိုင်းရိုင်းပြပြဆက်ဆံသည်ဟု အခွင့်အရေးကောင်းကို အသုံးချလေတော့သည်။

He ordered Visakha to be expelled from the house, but she reminded him of her father’s request to eight clansmen. Her father told them, “If there be any fault in my

daughter, investigate it.'"

The millionaire agreed to her request and summoned those eight clansmen to come and investigate whether Visakha was guilty of rudeness. When they arrived he told them, "Find her guilty of this fault and expel her from the house."

Visakha proved her innocence by explaining, "'Sirs, when my father-in-law ignored the Bhikkhu and continued to eat his milk rice-porridge he was not accruing merit in his present life. He was only enjoying the merits of his past actions. Was this not like eating stale food?"

Her father-in-law had to admit that she was not guilty of being rude.

There were other misunderstandings after this, but Visakha was able to explain to his satisfaction. After this, her father-in- law had realized his error and the great wisdom of Visakha. At her suggestion, he invited the Buddha to their house to give a sermon. On hearing the sermon, he became a Sotapanna.

With wisdom and patience, she succeeded in converting her husband's household to a happy Buddhist home.

Visakha was also very generous and helpful to the monks. She built the **Pubbarama monastery** at a great cost for the use of monks. Great was her joy when the Buddha spent six rainy seasons there.

In one of the discourses that the Buddha delivered to Visakha, he spoke of the eight qualities in a woman that tend to her welfare and happiness in this world and the next:

'Herein, Visakha, a woman does her work well, she manages the servants, she respects her husband, and she guards his wealth. Herein, Visakha, a woman has confidence (Saddha) in the Buddha, Dhamma and Sangha, virtue (Sila), charity (Caga), and wisdom (Panna)."

Being a lady who had many talents, she played an important role in various activities amongst the Buddha and his followers. At times, she was given the authority by the Buddha to settle disputes that arose amongst the Bhikkhunis (nuns). Some Vinaya rules of discipline were also laid down for the Bhikkhunis when she was called in to settle their disputes.

She died at the ripe age of one hundred and twenty.

ဝိသာခါ၏ယောက်ျားရဲ့ဖခင်သည် ဝိသာခါကို အိမ်မှနှင်ထုတ်လေသော် ဝိသာခါသည် သူမ၏ ဖခင်က ရွာသူကြီးရှစ်ယောက်ကို တောင်းဆိုအပ်ခဲ့သော စကားများကို သတိပေးလေသည်။ သူမ၏ဖခင်က ဤသို့ တောင်းဆိုခဲ့၏။ "ငါ့ရဲ့သမီး အမှားပြုခဲ့သည်ရှိသော် စုံစမ်းစစ်ဆေးလော့"

သန်းကြွယ်သူဌေးကြီးက ဝိသာခါ သတိပေးသည့်အတိုင်း လက်ခံကာ ရွာသူကြီးရှစ်ယောက်တို့ကို ခေါ်ဆောင်စေခဲ့ပြီး ဝိသာခါရဲ့ရှိုင်းပြမှုကို စစ်ဆေးထင်ရှားစေခဲ့သည်။ ၎င်းတို့ရှစ်ယောက်ကိုလည်း "သူမအမှားကို စုံစမ်းရှာဖွေပြီး အိမ်ကနှင်ထုတ်ပစ်လိုက်"ဟု ဆိုလေသည်။

"ရွာသူကြီးများရှင့် ကျွန်မ ခင်ပွန်း၏ဖခင်သည် ရဟန်းကြွလာသည်ကို အရေးမလုပ်ဘဲ နို့ထမင်း ကိုစားမြဲစားနေခဲ့သောကြောင့် ဒီဘဝတွင် ကောင်းမှုကုသိုလ်အသစ်များကို သူမပြုလုပ်ခဲ့ပေ။ အရင်ဘဝက ပြုခဲ့ဖူးသော ကုသိုလ်များရဲ့ကောင်းကျိုး ချမ်းသာများကိုသာ ခံစားနေသည်မှာ ထမင်းသိုးကိုစားနေသည်နှင့် မတူဘူးလား"ဟု ဆိုကာ သူမ မမှားကြောင်းကို ရှင်းပြနိုင်ခဲ့ပေသည်။

သူမ၏ယောက္ခထီးသည် သူမ ရိုင်းပြမှုမပြုခဲ့သည်ကို ဝန်ခံလေသည်။

ထိုနည်းတူစွာ တခြားသော သဘောထားနှင့်အမြင်ကွဲလွဲမှုများကို သူ့ခင်ပွန်းရဲ့ ဖခင်စိတ်ကျေနပ်တဲ့အထိ ဝိသာခါသည် အောင်မြင်စွာ ရှင်းလင်းနိုင်ခဲ့လေသည်။ ဝိသာခါ၏ဉာဏ်ပညာကြီးပုံနှင့်သူ့ရဲ့အမှားများကို သိရှိနားလည်နိုင်ခဲ့လေသည်။ ထို့နောက် ဝိသာခါရဲ့အကြံပေးချက်အရ ဖခင်ကို မြတ်စွာဘုရားအား နေအိမ်သို့ ပင့်ဖိတ်စေနိုင်ခဲ့ပြီး တရားများကို နာယူစေခဲ့ပါတယ်။ တရားတော်ရဲ့ အဆုံး ဝိသာခါခင်ပွန်းရဲ့ဖခင်သည် သောတာပန်တည်လေတော့သည်။

ကျောင်းအမကြီး ဝိသာခါသည် ဉာဏ်ပညာကြီးစွာ လိမ္မာပါးနပ်စွာနှင့်စိတ်ရှည်ရှည်ထားကာ သူမ၏ အမျိုးသား မိသားစုကို ငြိမ်းချမ်းသော ဗုဒ္ဓဘာသာဝင်မိသားစုအဖြစ်သို့ရောက်နိုင်စေခဲ့ပါတယ်။

ဝိသာခါသည် သံဃာတော်များကို ထောက်ပံ့ ပံ့ပိုးရာတွင်လည်း အထူးရက်ရောခဲ့လေသည်။ ပုဗ္ဗာရုံကျောင်းတော်ကြီးကို အကြီးအကျယ် ကောင်းမွန်စွာ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ သူမကို ချီးမြှောက်သောအားဖြင့် မြတ်စွာဘုရားသည် ဝိသာခါကျောင်းအမကြီး၏ ကျောင်းတော်တွင် ခြောက်ဝါ သီတင်းသုံးတော်မူခဲ့လေသည်။

တစ်ခါသော် တရားဟောချိန်တွင် မြတ်စွာဘုရားသည် ဝိသာခါအား အမျိုးသမီးတစ်ဦး၏ ကောင်းမြတ်သော ယခုဘဝနှင့်နောင်ဘဝများ၌ ကောင်းမွန်စေတတ်သော အခြင်းအရာရှစ်ချက်ကို ဟောကြားတော်မူခဲ့လေသည်။

ဝိသာခါ ထိုမြင့်မြတ်သော အမျိုးသမီးသည် သူမ၏အလုပ်ကို ကောင်းစွာပြု၏၊ အစေအပါးများကို ကောင်းမွန်စွာ စောင့်ရှောက်၏၊ မိမိရဲ့ခင်ပွန်းကို တရိုတသေ ဆက်ဆံ၏၊ မိမိရဲ့စီးပွားဥစ္စာများကို ဂရုတစိုက် စောင့်ရှောက်၏၊ ထိုအမျိုးသမီးသည် ဘုရား တရား သံဃာတည်းဟူသော ရတနာတရားသုံးပါးကို သဒ္ဓါတရားရှိ၏။ သီလနှင့်ပြည့်စုံ၏။ ပေးကမ်းစွန့်ကြဲခြင်းရှိ၏။ ဉာဏ်ပညာရှိ၏”ဟု မိန့်တော်မူလေသည်။

ဝိသာခါကျောင်းအမကြီးသည် မြတ်စွာဘုရားနှင့်သံဃာတော်များကို စောင့်ရှောက် ထောက်ပံ့ခြင်း စသော သာသနာ့လုပ်ငန်းစဉ်များတွင် လိမ္မာပါနပ်မှုနှင့်ပြည့်စုံပြီး အရေးကြီးသောနေရာ၌ အထူးပါဝင်ခဲ့လေသည်။ ဉာဏ်ပညာကြီးပြီး အမှုကိစ္စများစွာတို့တွင် တတ်ကျွမ်းသော ဝိသာခါသည် မြတ်စွာဘုရား၏ ခွင့်ပြုချက်နှင့် ဘိက္ခုနီရဟန်းမများနှင့် သက်ဆိုင်သော မပြေလည်မှုများတွင် ဝင်ရောက်ဖြေရှင်းပေးနိုင်ခဲ့လေသည်။ ဘိက္ခုနီရဟန်းမများအတွက် ပညတ်ခဲ့သော ဝိနည်းတော်တချို့သည်လည်း ကျောင်းအမကြီးဝိသာခါရဲ့ အောင်မြင်သော စွမ်းဆောင် ပါဝင်မှုများရဲ့သက်သေများပေတည်း။

ကျောင်းအမကြီးသည် အသက်ရှည်စွာ သာသနာ့ကိစ္စများကို သည်းပိုးရင်း အသက် တစ်ရာ့နှစ်ဆယ်တွင် ကွယ်လွန်ခဲ့လေသည်။